AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# သက်ကြီး ပညာသင်ကြားရေး

## ဩစတြေးလျား၌ သက်ကြီးများအတွက် ပညာရေး



ဩစတြေးလျားတွင် လူများသည် လေ့လာသင်ယူခြင်းကို တစ်သက်တာလုံး လုပ်သွားရမည့် အလုပ်တစ်ခုအဖြစ် ရှုမြင်ကြသည်။



လူသည် အသက်ကြီးသွားလင့်ကစား၊ လုပ်နိုင်သည်မှာ၊

- ပညာကို ဆက်လက်၍ ဆည်းပူးသွားနိုင်သည်
- လေ့လာသင်ယူနိုင်သည်
- ပထမဆုံးအကြိမ်အဖြစ် ကျောင်းတက်နိုင်သည်



အင်္ဂလိပ်ဘာသာစကားကို ပြောဆိုရန်၊ ဖတ်တတ်ရန် နှင့် ရေးတတ်ရန် သင်ယူခြင်းမှာ အရေးကြီးသည်။



၎င်းက သင့်အား အထောက်အကူပြုလိမ့်မည်မှာ၊

- ဩစတြေးလျား လူနေမှုဘဝတွင် ပါဝင်ရေး



- ဩစတြေးလျား၌ရှိသော သင့် ဘဝပေါ် ကျေနပ်စိတ်ရှိရေး



- အလုပ်အကိုင် ရှာဖွေတွေ့ရှိရေး



- သင့်အနေနှင့် ပိုပြီးကောင်းမွန်သော အခွင့်အရေးများ ရရှိရေးတို့ဖြစ်သည်

## အင်္ဂလိပ်ဘာသာစကား လေ့လာသင်ယူခြင်း



အစိုးရက သင် အင်္ဂလိပ်စာကို သင်ယူတတ်မြောက်ရန် သက်ကြီး ပြောင်းရွှေ့အခြေချလာသူအတွက် အင်္ဂလိပ်စာ အစီအစဉ် (Adult Migrant English Program - AMEP)အရ ကူညီပေးသည်။



၎င်းအတွက် ငွေကုန်ကျမှု မရှိပါ။





သင်သည် နာရီပေါင်း 510 နာရီအထိ အင်္ဂလိပ်စာသင်ယူနိုင်သည်။




သင် ဩစတြေးလျားသို့ရောက်လာပြီးနောက် ပထမ 6 လ အတွင်း AMEP ၌ အမည်ပေး စာရင်းသွင်းရန် လိုအပ်သည်။



သင် သင်တန်းများကို တက်နေခိုက် ကလေးငယ်များအတွက် အခမဲ့ ကလေးထိန်း ဝန်ဆောင်မှုကို သင် အသုံးပြုနိုင်သည်။



သင့်အနေနှင့် အောက်ပါအခြေအနေများတွင် AMEP အစီအစဉ်၌ နည်းမျိုးစုံအရ ပါဝင်နိုင်သည်။

- အလုပ်လုပ်ကိုင်ရန် လိုအပ်ခြင်း



- သင့် မိသားစုအား ကြည့်ရှုစောင့်ရှောက်နေရခြင်း တို့ဖြစ်သည်

သင် လုပ်ကောင်းလုပ်နိုင်မည်တို့မှာ၊



- အိမ်၌နေ၍ စာသင်ခြင်း



- သင့် အိမ်သို့ လာရောက်၍ သင့်အား ကူညီပေးမည့် စာသင်ပေးသူထံ၌ လေ့လာသင်ယူခြင်း



- အချိန်ပိုင်းသင်တန်းများကို တက်ခြင်း



- အလုပ်ဆင်းပြီးချိန်နောက်ပိုင်း သင်တန်းများကို တက်ခြင်းတို့ဖြစ်သည်




သင်သည် AMEP နှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို ပညာရေး နှင့် လေ့ကျင့်ရေးဌာန (Department of Education and Training) ၏ ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။ www.education.gov.au/amep

# အခြားသော လေ့လာသင်ယူမှု



ရှေ့ဆက်ပညာသင်ရန် နှင့် လေ့လာသင်ယူရန် လိုလားကြသော လူကြီးများအတွက် ရွေးချယ်စရာနည်းလမ်းများ များစွာရှိသည်။ ပညာသင်ကြသူများအား ကျောင်းသူကျောင်းသားများဟုခေါ် သည်




သင့်အနေနှင့် ပညာသင်စရိတ်အတွက် အထောက်အပံ့ကို အစိုးရထံမှ ရနိုင်စွမ်း ရှိကောင်းရှိနိုင်မည်။.



၎င်းမှာ အောက်ပါတို့ပေါ်၌ မူတည်သည်

- ဝင်ငွေ - သင့်အလုပ်အကိုင်မှ ငွေမည်မျှဝင်ခြင်း




- ပိုင်ဆိုင်ပစ္စည်းများ - သင်၏ ပိုင်ဆိုင်မှုများ နှင့် ဘဏ်တွင် သင့်ငွေ မည်မျှရှိခြင်းတို့ဖြစ်သည်



သင်သည် နောက်ထပ်အချက်အလက်များကို လူသားဝန်ဆောင်မှုများဌာန (Department of Human Services) ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့ရှိနိုင်သည်။. www.humanservices.gov.au

# အလယ်တန်းကျောင်း ပြီးဆုံးခြင်း

**18+**

အကယ်၍သင်သည် 18 နှစ် အထက်ရှိလျှင် အလယ်တန်းကျောင်းကို ပြီးဆုံးအောင် တက်နိုင်ဆဲဖြစ်သည်။





ဩစတြေးလျား၌ အလယ်တန်းကျောင်းကို အထက်တန်းကျောင်းဟု ခေါ်လေ့ရှိသည်။




သင်သည် စက်မှုလက်မှု နှင့် ရှေ့ဆက်ပညာသင်ကြားရေး (Technical and Further Education - TAFE) ကောလိပ်၌ ပညာသင်နိုင်သည်။




သင်သည် အောင်လက်မှတ် အဆင့် ၄ ကို ရရှိနိုင်သည်။




အောင်လက်မှတ် အဆင့် ၄ သည် အလယ်တန်းကျောင်း ပညာရေးအဆင့်နှင့် တူညီသည်။

# ကျွမ်းကျင်မှုတစ်ခုကို သို့မဟုတ် လက်မှုအတတ်ပညာတစ်ခုကို လေ့လာသင်ကြားခြင်း



အချို့သောအလုပ်များအတွက် သင့်အနေနှင့် အချို့သော ကျွမ်းကျင်မှုများကို သင်ယူရန် လိုအပ်သည်။ ၎င်းတို့ကို လက်မှုအတတ်ပညာများဟုခေါ်သည်။

လက်မှုအတတ်ပညာများတွင် ပါဝင်သည်တို့မှာ



- လက်သမားလုပ်ငန်းပညာ



- ပိုက်ပြင်လုပ်ငန်းပညာ



- ဆံသပြုပြင်ရေးလုပ်ငန်းပညာ



- ရှုခင်းသာ ဥယျာဉ်ပန်းခြံလုပ်ငန်းပညာ



- စီးပွားရေး လုပ်ငန်းပညာ




- ခရီးသွားလှည့်လည်ရေးလုပ်ငန်းပညာ



- ဧည့်ခံပြုစုရေး ဆိုင်ရာလုပ်ငန်းပညာ တို့ဖြစ်သည်





သင်သည် လက်မှုအတတ်ပညာတစ်ခုအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရေး နှင့် လေ့ကျင့်ရေး (Vocational Education and Training - VET) ကျောင်း၌ လေ့လာသင်ယူနိုင်သည်။




သင်သည် VET ကို TAFE ကောလိပ်များ၌ တက်နိုင်သည်။




သင် အလယ်တန်းကျောင်း အောင်လက်မှတ်ရှိရန် လိုအပ်သည်။



သင် ပေးရန် လိုအပ်လိမ့်မည့် အခကြေးများမှာ၊

- အတန်းများတက်ရန်အတွက်



- သင် လိုအပ်မည့် စာအုပ်များအတွက်ဖြစ်သည်

## အလုပ်သင်ခြင်း



သင်သည် လက်မှုအတတ်ပညာတစ်ခုကို အလုပ်သင်ခြင်းအားဖြင့် သင်ယူတတ်မြောက်နိုင်သည်။



အလုပ်သင်ခြင်း၌ ပါဝင်သည်တို့မှာ

- အလုပ်ခွင်၌ အလုပ်လုပ်ကိုင်ခြင်း
- ယင်းအလုပ်ကို လုပ်ကိုင်နိုင်ရန် သင့်အနေနှင့် လိုအပ်သော ကျွမ်းကျင်မှုများအတွက် လေ့ကျင့်ရေးသင်တန်းတို့ဖြစ်သည်



အကယ်၍ စတင်လုပ်ကိုင်ရန် သင့်ထံ၌ သင့်လျော်ရာ ကျွမ်းကျင်မှုများရှိလျှင်၊ သင့်အနေနှင့် အလုပ်သင်ခြင်းကို သင် လုပ်ကိုင်နိုင်ပေလိမ့်မည်။



သင် အလုပ်သင်ခြင်းပြီးဆုံးသည့်အခါ၌ ဩစတြေးလျားတစ်ခွင်လုံးတွင် အသိအမှတ်ပြုသော အရည်အချင်းတစ်ခု သင့်ထံ၌ ရှိမည်ဖြစ်သည်။




အလုပ်သင်ခြင်း၌ သင် လေ့လာသင်ယူနေစဉ် အတောအတွင်း သင့်အား ငွေရှာခွင့်ပေးသည်။




သင် လေ့ကျင့်သင်တန်းတက်ရသော အတန်းများအတွက် သင်တန်းကြေးကို ပေးရန်လိုအပ်သည်။ သင်တန်းကြေးများမှာ မတူညီသောနေရာများအလိုက် ကွာခြားသည်။




သင် တက်နိုင်သော TAFE ကောလိပ်များနှင့် ပတ်သက်ပြီးနောက်ထပ်အချက်အလက်များကို သင်၏ အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူထံမှ ရရှိနိုင်သည်။

## တက္ကသိုလ်တက်ခြင်း




ဩစတြေးလျား၌ တက္ကသိုလ် ပုံစံမျိုးစုံရှိသည်။


- အစိုးရ
- ပုဂ္ဂလိက



သင် တက္ကသိုလ်ကို

- ဘွဲ့ကြိုသင်တန်း ကျောင်းသူကျောင်းသားအဖြစ်
- ဘွဲ့လွန်သင်တန်း ကျောင်းသူကျောင်းသားအဖြစ် တက်နိုင်သည်

## ဘွဲ့ကြိုသင်တန်း ကျောင်းသူကျောင်းသားများ




ဘွဲ့ကြိုသင်တန်း ကျောင်းသူကျောင်းသားများမှာ တက္ကသိုလ်ကို ပထမဦးဆုံးအကြိမ် တက်ကြမည့်သူများ ဖြစ်ကြသည်။

တက္ကသိုလ်များ၌




- အစိုးရက ကုန်ကျစရိတ်ကို ကူညီကျခံပေးသော ထောက်ပံ့ကြေး တစ်စိတ်တစ်ပိုင်းရသည့်နေရာများ





- ကျောင်းသူကျောင်းသားက ကုန်ကျစရိတ်များအားလုံးကို ပေးရသော သင်တန်းကြေးအပြည့် ပေးရသည့်နေရာများရှိသည်




တက္ကသိုလ်များက ပို့ချပေးသော သင်တန်းများအပေါ် မူတည်ပြီး၊ ၎င်းတို့သည် ကျောင်းသူကျောင်းသား အသစ်များကို အောက်ပါ လများတွင် စတင်တက်ခွင့်ပေးသည်

- ဇန်နဝါရီလ/ဖေဖော်ဝါရီလ
- ဇူလိုင်လ/ဩဂုတ်လ တို့ဖြစ်သည်




အချို့တက္ကသိုလ်များ၌ နွေရာသီသင်တန်းများလည်းရှိသည်။



တက္ကသိုလ်တက်ရန် သင့်အနေနှင့် လိုအပ်နိုင်ဖွယ်ရှိရာများမှာ၊


- အစမ်းသပ်ခံရခြင်း သို့မဟုတ် စာမေးပွဲ ဖြေဆိုရခြင်း




- သင်၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှုမှာ မည်မျှ ကောင်းမွန်သည်ကို ပြသရခြင်း



- သင် ယခင်က မည်သည့် ပညာရပ်များကို လေ့လာသင်ယူခဲ့သည်ကို သက်သေထူခြင်း



- တက္ကသိုလ်ဝင် လေ့လာသင်ယူမှုများအတွက် သင့်အနေနှင့် အသင့်ဖြစ်နေစေရန် အထောက်အကူပြုမည့် အတန်းများဖြစ်သော တက္ကသိုလ်အဆင့် ပေါင်းကူးသင်တန်းကို တက်ခြင်းတို့ဖြစ်သည်




ဩစတြေးလျား တက္ကသိုလ်၌ ပညာသင်ရန် ငွေကြေးအလွန်ကုန်ကျသည်။




အဆင့်မြင့် ပညာရေး ချေးငွေ အစီအမံ (Higher Education Loan Program - HELP) သည် ပညာသင်စရိတ်အတွက် သင့်အား ပံ့ပိုးပေးနိုင်သည်။



အကယ်၍သင်သည် HELP ကို ရယူခဲ့လျှင်၊ သင် ပညာသင်ကာလ ကုန်ဆုံးပြီးနောက်ပိုင်း၊ သင် အလုပ်လုပ်နေပြီဖြစ်ပြီး၊ လောက်ငသော ဝင်ငွေရှိသောအခါကျမှ ပြန်ဆပ်ရသည်။



သင်သည် HELP နှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို StudyAssist ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။
www.studyassist.gov.au

## ဘွဲ့လွန်သင်တန်း ကျောင်းသူကျောင်းသားများ



ဘွဲ့လွန်သင်တန်း ကျောင်းသူကျောင်းသားများမှာ သူတို့ ဘွဲ့ရပြီးနောက်၊ ဒီဂရီကို ရရှိ ပြီးနောက်၊ နောက်ထပ်အပို လေ့လာသင်ကြားရန် တက္ကသိုလ်ကို ပြန်လည်တက်ကြသူများဖြစ်သည်။




အကယ်၍သင်သည် ပင်လယ်ရပ်ခြား၌ ဘွဲ့ရခဲ့လျှင်၊ တက္ကသိုလ်က သင့်အရည်အချင်းများကို ဆန်းစစ်လိမ့်မည်ဖြစ်သည်။

ပညာရေး နှင့် လေ့ကျင့်ရေးဌာန (Department of Education and Training) သည် သင်၏ ဘွဲ့ကို ဩစတြေးလျား၌ မည်ကဲ့သို့ အသိအမှတ်ပြုခံ ရယူနိုင်ရေးနှင့် ပတ်သက်သော အချက်အလက်များကို ပေးနိုင်သည်။



အကယ်၍သင်သည် ပညာရေး နှင့် လေ့ကျင့်ရေးဌာန (Department of Education and Training) ၏ ဝက်ဘ်ဆိုက်တွင် 'အရည်အချင်းများအား အသိအမှတ်ပြုခြင်း' ('Qualifications recognition') ကို ရှာဖွေကြည့်ပါက၊ နောက်ထပ်အချက်အလက်များကို ရှာဖွေတွေ့နိုင်သည်။ www.internationaleducation.gov.au



သင့် အရည်အချင်းများအား ဩစတြေးလျားစံချိန်မီ ဖြစ်စေရန် သင့်အား ကူညီပြောင်းလဲပေးသော ပေါင်းကူးသင်တန်းကို သင် တက်ရနိုင်ဖွယ်ရှိမည်ဖြစ်သည်။

## အပို အတန်းများ နှင့် သင်တန်းများကို တက်ခြင်း



သင် လေ့လာသင်ယူရန် စိတ်ဝင်စားသည့် သင်တန်းများအား သင်၏ လူမှုအဖွဲ့အစည်း၌ရှိသော အတန်းများ နှင့် သင်တန်းများကို သင် ရှာဖွေတွေ့နိုင်သည်




၎င်းတို့ကို တက်ရောက်နိုင်သည့် နေရာများမှာ၊


- ကျောင်းများ




- လူမှုအဖွဲ့အစည်း ကောလိပ်များ




- TAFE ကျောင်းများ




- တက္ကသိုလ်များတို့ဖြစ်သည်



၎င်းတွင် သင်ကြားပေးနိုင်သည်များမှာ၊


- အချက်အပြုတ်




- အင်္ဂလိပ် နှင့် အခြားဘာသာစကားများ



- အကပညာ



- ဓာတ်ပုံပညာ



- ကွန်ပျူတာ ကျွမ်းကျင်မှု




- စာရင်းကိုင်ပညာ - သင့် ငွေအား စီမံခန့်ခွဲမှု



- ကျန်းမာရေး နှင့် ကောင်းကျိုးသုခ



- အလုပ်အကိုင်နှင့် ပတ်သက်၍ အသုံးဝင်သော ကျွမ်းကျင်မှုများတို့ဖြစ်သည်




ဤသင်တန်းများကို တက်ပြီးနောက် သင့်အား တရားဝင် အောင်လက်မှတ်များကို မထုတ်ပေးပါ



သင် အောက်ပါသင်တန်းမျိုးများကို တက်နိုင်သည်

- အလုပ်ပြီးချိန် နောက်ပိုင်း




- စနေ၊ တနင်္ဂနွေ တို့ဖြစ်သည်



အချို့သော ပြောင်းရွှေ့အခြေချသူ အရင်းအမြစ်ဌာနများနှင့် ဝန်ဆောင်မှု အဖွဲ့အစည်းများသည်လည်း ဤသင်တန်းများကို စီစဉ်ပို့ချပေးသည်။

## တစ်မိသားစုလုံးအတွက် ပညာရေး



ဒေသခံ အများပြည်သူ စာကြည့်တိုက်များသည် သိကောင်းစရာ အချက်အလက်များကို ရယူရန်အတွက် ကောင်းမွန်သော နေရာများဖြစ်သည်။



စာကြည့်တိုက်၌ အသင်းဝင်ရန်အတွက် သင် အခကြေး ပေးရန်မလိုပါ။



သင် ငှားရမ်းနိုင်သည်များမှာ၊

- စာအုပ်များ၊




- မဂ္ဂဇင်းများ၊





- ဗီဒီယိုများ နှင့် ဒီဗီဒီများ



- စီဒီများ တို့ဖြစ်သည်



စာကြည့်တိုက် အများစု၌ ရှိသည်များမှာ၊

- သင် အသုံးပြုနိုင်သော ကွန်ပျူတာများ
- အင်တာနက်ကို အခမဲ့အသုံးပြုခြင်းတို့ဖြစ်သည်



သင်သည် ကွန်ပျူတာကို ခဏတာအတွက်သာ အသုံးပြုနိုင်ဖွယ်ရှိမည်




သင်သည် ကွန်ပျူတာကို အသုံးပြုရန်အတွက် ကြိုတင်စီစဉ် ရက်ချိန်းယူရနိုင်ဖွယ်ရှိမည်




စာကြည့်တိုက် စည်းကမ်းများကို လိုက်နာရန် အရေးကြီးသည်။




သင် ငှားရမ်းထားခြင်းများကို အချိန်မီ ပြန်အပ်ရန် လိုအပ်သည်

အကယ်၍သင်သည် ငှားရမ်းထားသောအရာများကို အချိန်မီ ပြန်မအပ်လျှင်၊ ဒဏ်ကြေးအနည်းငယ် ဆောင်ရနိုင်ဖွယ်ရှိလိမ့်မည်။

# ကလေးထိန်းခြင်း



အကယ်၍သင်သည် အောက်ပါတို့အား လုပ်လိုလျှင် ကလေးထိန်းဌာနကို အသုံးပြုနိုင်သည်။

- အလုပ်လုပ်လိုခြင်း
- ပညာသင်လိုခြင်း
- သင့်အလုပ်အတွက် လေ့ကျင့်သင်တန်းတက်လိုခြင်းတို့ဖြစ်သည်




သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူက သင့်အတွက် သင့်လျော်ရာ ကလေးထိန်းဌာနကို ကူညီရှာဖွေပေးနိုင်သည်။



သင်သည် ကလေးထိန်းပေးခြင်း နှင့် စဦးကာလ ပညာသင်ကြားပေးခြင်းအကြောင်းတို့နှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များကို MyChild ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။
www.mychild.gov.au

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM